**National Coalition Government of the Union of Burma**

**ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ**

# (၅၇)နှစ်မြောက် မွန်အမျိုးသားနေ့သို့ ပေးပို့သည့်

# ဂုဏ်ပြုသဝဏ်လွှာ

၁၃၆၅ခုနှစ် တပို့တွဲလဆုတ်(၁)ရက်၊ ခရစ် ၂၀၀၄ ခုနှစ် ဖေဖေါ်ဝါရီလ (၆)ရက်နေ့သည် ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံသော (၅၇)နှစ်မြောက် မွန်အမျိုးသားနေ့အခါသမယဖြစ်ပေသည်။ မွန်အမျိုးသားတို့၏ ဤသမိုင်းဝင်နေ့မြတ်အခါသမယ၌ မွန်အမျိုးသားခေါင်းဆောင်ကြီးများနှင့်တကွ မွန်တိုင်းရင်းသားပြည်သူလူထုတရပ်လုံးအား ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြစေကြောင်း ဦးစွာ ဆုမွန်တောင်းအပ်ပါသည်။ ငြိမ်းချမ်းသာယာဖွံ့ဖြိုးသော မွန်ပြည်နယ်သစ်အမြန်ဆုံးပေါ်ထွန်းလာပါစေကြောင်းလည်း အလေးအနက် ဆန္ဒပြုအပ်ပါသည်။

မွန်တိုင်းရင်းသားများသည် သမိုင်းယဉ်ကျေးမှုအစဉ်အလာကြီးမား၍ သွေးစည်းညီညွတ်မှုရှိသော လူမျိုးနွယ်တရပ်ဖြစ်ပေသည်။ ထို့ပြင် မွန်တိုင်းရင်းသားတို့သည် မိမိတို့ဘိုးစဉ်ဘောင်ဆက်တည်ရှိခဲ့သော မျိုးရိုးအစဉ်အဆက်ကိုမပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်းလိုကြသည်။ မိမိတို့ဓလေ့ထုံးတမ်း၊ ဘာသာစကား စာပေ၊ အနုပညာယဉ်ကျေးမှု အစရှိသော မျိုးရိုးအမွေအနှစ်တို့ကိုလည်း အဓွန့်ရှည်အောင် ထိန်းသိမ်းမြှင့်တင်လိုကြပေသည်။ မိမိတို့ဘိုးစဉ်ဘောင်ဆက် အခြေချနေထိုင်ခဲ့ရာ ရေမြေဒေသကိုလည်း အလွန်ချစ်မြတ်နိုးကြပေသည်။ ယဉ်ကျေးမှုမြင့်မား၍ မျိုးချစ်စိတ်ထက်သန်သော လူမျိုးဖြစ်သည့်အလျောက် တိုင်းရင်းသားများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးကိုလည်း လိုလားကြပေသည်။ ယင်းမွန်အမျိုးသားပြည်သူလူထုတရပ်လုံး၏ တန်ဖိုးထား လိုလားချက်များသည် ထိုက်သင့်မှန်ကန်သောကိစ္စဖြစ်၍ လေးလေးစားစား ဖြည့်ဆည်းဆောင်ရွက်ပေးရန် အမှန်ပင်လိုအပ်သည်ဟု ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့် ပေါင်းအစိုးရက ယုံကြည်ပေသည်။

ယနေ့ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုး အသီးသီးတွေ့ကြုံရင်ဆိုင်နေရသော နိုင်ငံရေးပြဿနာမှာ စစ်အာဏာရှင်များ၏ အင်အားသုံး အနိုင်ကျင့်မှု၊ တိုင်းရင်းသားလူမျိုးများအား ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ပေးရန်အစဉ်တစိုက် ငြင်းဆန်နေမှု၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများကို ပစ်ပယ်ထားမှု၊ နှုတ်မှ ငြိမ်းချမ်းရေး ဟစ်ကြွေးနေသော်လည်း လက်တွေ့တွင် စစ်အင်အားသုံးဖိလ်ကျစိုးမိုးမှုများသာ ဖြစ်နေပေသည်။ မွန်အမျိုးသားတို့အနေဖြင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းအရ ငြိမ်းချမ်းစွာတွေ့ဆုံဆွေးနွေးအဖြေရှာရန် ရည်သန်ခဲ့ကြသော်လည်း၊ စစ်အာဏာရှင်များ၏ အကြမ်းဖက် ဖိလ်ကျဖိနှိပ်နေမှုကြောင့် အမျိုးသားတော်လှန်ရေးများ ပေါ်ပေါက်ခဲ့ရပေသည်။ မွန်အမျိုးသားတို့သည်လည်း အခြားတိုင်းရင်းသားများနည်းတူ နှစ်ပေါင်းများစွာ စစ်အာဏာရှင်စနစ်အား ဆန့်ကျင်တွန်းလှန်နေခြင်းအား ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရက ဤထူးမြတ်သည့် မွန်အမျိုးသားနေ့အခါသမယတွင် အလေးအနက် မှတ်တမ်းတင်အပ်ပါသည်။

မွန်တိုင်းရင်းသားပြည်သူလူထုတရပ်လုံး၏ လိုလားချက်ဖြစ်သော တရားမျှတရေး(Justice)၊ လွတ်လပ်ရေး(Liberty) နှင့် တန်းတူရေး (Equality)တို့အတွက် အသက်ဘဝ ကိုယ်လက်အင်္ဂါမြောက်မြားစွာ စွန့်လွှတ်ပေးဆပ် တိုက်ပွဲဝင်ခဲ့ကြကုန်သော မွန်အမျိုးသားခေါင်းဆောင်များ၊ ရဲဘော်များနှင့် တော်လှန်ရေးသမားအပေါင်းတို့အားလည်း ဤ(၅၇)နှစ်မြောက် မွန်အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရက အထူးလေးနက်စွာ ဂုဏ်ပြု မော်ကွန်းတင်အပ်ပါသည်။

ဤ(၅၇)နှစ်မြောက် မွန်အမျိုးသားနေ့အခါသမယ၌ နိုင်ငံတကာအစိုးရအဖွဲ့များနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပရှိ တိုင်းရင်းသားအင်အားစုများနှင့် ဒီမိုကရေစီအင်အားစုများက ဒီပဲယင်းလုပ်ကြံမှုအပြီးတွင် ချုပ်နှောင်ထားသော လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား အမြန်ဆုံးပြန်လွှတ်ပေးရန် (နအဖ)အား တောင်းဆိုနေချိန်ဖြစ်ပါသည်။ “စစ်မှန်သောနိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲ” စတင်ရန်လည်း တိုက်တွန်းနေကြပေသည်။ ဤသို့သော နိုင်ငံရေးအခြေအနေများဖြစ်ပေါ်နေချိန်တွင် မွန်တိုင်းရင်းသားအင်အားစုများက လက်ရှိနိုင်ငံရေးပြဿနာများကို သုံးပွင့်ဆိုင်တွေ့ဆုံ ဆွေးနွေးခြင်းဖြင့်သာ ဖြေရှင်းနိုင်မည်ဟု ယုံကြည်ကြောင်း သဘောထားဖေါ်ပြထားပြီးဖြစ်၍၊ အချိန်အခါအခြေအနေနှင့်ကိုက်ညီသဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရက လှိုက်လှဲစွာ ကြိုဆိုအပ်ပေသည်။

သို့ဖြစ်၍ စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေး၊ ဒီမိုကရေစီစနစ်ထွန်းကားရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိသော ဖက်ဒရယ်ပြည်ထောင်စုကြီးပေါ်ထွန်းရေးတည်းဟူသော နိုင်ငံရေးရည်မှန်းချက်များ အောင်မြင်သည်အထိ၊ သွေးစည်းညီညွတ်မှုအစဉ်အလာကြီးမားသော မွန်အမျိုးသားထုကြီးနှင့်အတူလက်တွဲ၍ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရက မဆုတ်မနစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဤ(၅၇)နှစ်မြောက် မွန်အမျိုးသားနေ့အခါသမယ၌ လေးနက်စွာသန္နိဋ္ဌာန်ပြုလျက် ဤသဝဏ်လွှာကို ဂုဏ်ယူလေးစားစွာ ပေးပို့အပ်ပါသည်။

၁၃၆၅ ခုနှစ်၊ တပို့တွဲလဆုတ် (၁)ရက်။
ခရစ် ၂၀၀၄ခုနှစ်၊ ဖေဖေါ်ဝါရီလ (၆)ရက်။

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ